# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 1, 2020 | Volume 36, Number 1


**၃၀.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၈၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၁၃၂၄/- ကျပ် |
| CBM Rate | = ၁၃၀၈.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၅.၁၀၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၇၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၀.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၂.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၇၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | =၁၁၄.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၃၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## COVID-19 ကြောင့် မြန်မာ–ထိုင်းနှစ်နိုင်ငံအကြား တာချီလိတ်–မယ်ဆိုင်နယ်စပ် အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ကုန်တင်ယာဉ်ခြောက်စီးသာ အပြန်အလှန်ဝင်ထွက်ရန် ခွင့်ပြုမှုကို စက်တင်ဘာ ၃၀ ရက်မှစ၍ ပုံမှန်အတိုင်း ကန့်သတ်ချက်မရှိ ပြန်လည်ဆောင်ရွက်နိုင်ဟုပြောကြား



COVID-19 ကြောင့် မြန်မာ–ထိုင်း နှစ်နိုင်ငံအကြား တာချီလိတ်–မယ်ဆိုင်နယ်စပ် အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ကုန်တင်ယာဉ်ခြောက်စီးသာ အပြန်အလှန် ဝင်ထွက်ရန် ခွင့်ပြုထားမှုကို စက်တင်ဘာ ၃၀ ရက်မှစတင်ကာ ပုံမှန်အတိုင်း အစီးရေ ကန့်သတ်ချက်မရှိ ပြန်လည်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ကျိုင်းတုံ– တာချီလိတ် နယ်စပ် ကုန်သွယ်ရေး ကုန်သည်အသင်းဥက္ကဋ္ဌ ဦးစိုင်းစိုင်းက ပြောကြားသည်။ “တာချီလိတ်–မယ်ဆိုင်ကုန်သွယ်မှုက စက်တင်ဘာ ၃၀ ရက် မနက် ၆ နာရီကနေ စပြီး ပုံမှန်ဖြစ်ပါပြီ။ ကုန်တင်ယာဉ်တွေကိုလည်း အကန့်အသတ်မရှိ သွားလာလို့ရပါပြီ” ဟု ကျိုင်းတုံ–တာချီလိတ်နယ်စပ် ကုန်သွယ်ရေး ကုန်သည်အသင်းဥက္ကဋ္ဌ ဦးစိုင်းစိုင်းက The Daily Eleven သတင်းစာသို့ ပြောကြားသည်။

မြန်မာ–ထိုင်း နှစ်နိုင်ငံအကြား တာချီလိတ်–မယ်ဆိုင်နယ်စပ်တွင် ပုံမှန်အားဖြင့် တစ်ရက်လျှင် ကုန်တင်ကားကြီး၊ ကားသေး စုစုပေါင်း ၃၀၀ ခန့် ကုန်စည်ပို့ဆောင်လျက် ရှိကြောင်း သိရသည်။ “ပုံမှန်အားဖြင့် ကုန်စည်စီးဆင်းမှုမှာ ကားအစီးရေက အတိအကျပြောဖို့ခက်တယ်။ ထိုင်းဘက်ကလာတဲ့ ကားအစီးရေက ကားအကြီးက အစီးပေါင်း ၁၀၀ ကျော်တယ်။ ပေါင်မုန့်ကားလေးတွေက အစီး ၂၀၀ ကျော်လောက် ရှိတယ်။ ကားသေးကားကြီးပေါင်းတော့ အစီးပေါင်း ၃၀၀ ကျော်ပေ့ါ။ ဒါက ပုံမှန် သွားတာ” ဟု ဦးစိုင်းစိုင်းက ပြောကြားသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

တာချီလိတ်-မယ်ဆိုင်နယ်စပ်မှတဆင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ကို အဓိကတင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံဘက်မှ စက်သုံးဆီ၊ ဆောက်လုပ်ရေးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းတို့ကို အဓိကတင်သွင်းနေခြင်းဖြစ်ကြောင်း ကျိုင်းတုံ- တာချီလိတ်နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းမှ သိရသည်။

မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ကုန်စည်ဖြတ်သန်းသယ်ယူပို့ဆောင်မှုကို ကန့်သတ်ထိန်းချုပ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး စက်တင်ဘာ ၂၈ ရက်က နှစ်နိုင်ငံတာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးမှုများအရ အဓိကအချက် (၃) ချက်ကို သဘော တူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ ယင်းသဘောတူညီချက်များမှာ မြန်မာ-ထိုင်း နှစ်နိုင်ငံသဘောတူညီချက်များအရ မြန်မာလိုင်စင်/ ထိုင်းလိုင်စင်ပါ မော်တော်ယာဉ်များဖြင့် ကုန်စည်များကူးသန်းရောင်းဝယ်မှုကို ပုံမှန်အတိုင်းပြန်လည်ဆောင်ရွက်ရန်၊ တစ်နိုင် တစ်ပိုင် ကုန်စည်ပို့ဆောင်မည့် မြန်မာလိုင်စင်/ထိုင်းလိုင်စင်ပါ မှန်လုံမော်တော်ယာဉ်များကို စီးရေကန့်သတ်မှုမရှိဘဲ သယ်ယူ ပို့ဆောင်ကြရန်၊ COVID-19 ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်၊ ကာကွယ်သည့်အနေဖြင့် နှစ်နိုင်ငံမော်တော်ယာဉ် ဖြတ်သန်း ဝင်ရောက်လာပါက သတ်မှတ်နေရာ၌ ယာဉ်မောင်းလဲလှယ်မောင်းနှင်ဆောင်ရွက်ကြရန်စသည့် အချက် (၃) ချက်ကို သဘော တူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘက်တွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း COVID-19 ရောဂါကူးစက်မှုအရေအတွက် များပြားလာမှုကြောင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ တာချီလိတ်-မယ်ဆိုင် အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဝင်ထွက်သွားလာသည့် မြန်မာ ကုန်တင်ယာဉ်များကို စက်တင်ဘာ ၁၅ ရက်တွင် ကန့်သတ်မှုများပြုလုပ်ခဲ့သည်။ မြန်မာဘက်မှလည်း အဆိုပါကန့်သတ်မှုများ ကြောင့် နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ရာ နှစ်နိုင်ငံအကြား ကုန်တင်ယာဉ်ခြောက်စီးသာ အပြန်အလှန် ဝင်ထွက်သွားလာခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကန့်သတ်မှုကာလအတွင်း ကုန်တင်ယာဉ်မောင်းများကို လွယ်ကူစွာစိစစ်နိုင်ရန်အတွက် ယာဉ်မောင်းမည့်သူ များအား ဝင်ခွင့်ကတ်များ ထုတ်ပေးထားမည့်အပြင် စည်းကမ်းချက်များချိုးဖောက်ပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း၊ ထောင်ဒဏ်တစ်နှစ် (သို့မဟုတ်) ဒဏ်ငွေ ဘတ်တစ်သိန်းအထိ ပေးဆောင်ရမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/194440

## ကမ္ဘာ့ရှားပါးမျိုးစိတ်ဝင် မြန်မာ့ကြယ်လိပ်အကောင်ရေ နှစ်သောင်းခန့်တိုးပွားလာ



မြန်မာတစ်နိုင်ငံတည်းတွင်သာတွေ့ရှိရသော ကမ္ဘာ့ရှားပါး မျိုးစိတ်ဝင် မြန်မာ့ကြယ်လိပ်များကို သဘာဝဘေးမဲ့တော သုံး နေရာနှင့် နိုင်ငံတစ်ဝန်း၌ ထိန်းသိမ်းစောင့်ရှောက်လျက် ရှိရာ လက်ရှိတွင် အကောင်ရေ နှစ်သောင်းခန့် တိုးပွားလျက် ရှိကြောင်း မြန်မာနိုင်ငံလိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့မှ သိရ သည်။

မြန်မာနိုင်ငံ လိပ်မျိုးဆက်ရှင်သန်ရေး အဖွဲ့အနေ ဖြင့် သစ်တောဦးစီးဌာနသို့ ကြယ်လိပ်မျိုးသုဉ်းမှု ကာကွယ်ရေး အတွက် နည်းပညာနှင့် ရန်ပုံငွေထောက်ပံ့မှုကို ပူးပေါင်းဆောင်ရွက်လျက် ရှိရာ ၂၀၁၃ ခုနှစ်က ခြံလှောင်မွေးမြူခဲ့သော ကြယ်လိပ်အကောင်ရေ ၁၇၅ ကောင်မှ အကောင်ရေ ၃၀၀၀ ခန့်တိုးပွားခဲ့ပြီး သဘာဝဘေးမဲ့တော ဖြစ်သော နွားထိုးကြီး မင်းစုံတောင်၊ ရွှေစက်တော်နှင့် လောကနန္ဒာဘေးမဲ့တောတို့တွင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ၌ ကြယ်လိပ်အကောင်ရေ နှစ်သောင်းခန့် တိုးပွားလာလျက်ရှိသည်။

အဆိုပါ ဘေးမဲ့တောသုံးနေရာ၌ နွေရာသီတွင် ကြယ်လိပ်များအတွက် ရေနှင့်အစာများ ဖြည့်ဆည်းပေးနိုင်ရန် သစ်တော ဦးစီးဌာနမှ စောင့်ရှောက်လျက်ရှိပြီး အပူပိုင်းဒေသ၌သာရှိသော ကြယ်လိပ်များမှာ မျိုးစေ့များကို မျိုချစားသုံး၍ စွန့်ပစ် ရာမှ အပင်များ ပေါက်ရောက်သည့်အတွက် သစ်ပင်၊ သစ်တောများတိုးပွားလာမှုကို အထောက်အကူဖြစ်စေကြောင်း သိရသည်။

မြန်မာ့မျိုးရင်းကြယ်လိပ်များကို အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေး တိရစ္ဆာန်ဥယျာဉ်တို့တွင်လည်းပြသထားသည်။ မြန်မာနိုင်ငံ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့အနေဖြင့် အမေရိကန်နိုင်ငံမှ သားငှက် ထိန်းသိမ်းရေးအဖွဲ့ (WCS)နှင့် ပူးပေါင်းပြီး ကြယ်လိပ်များမျိုးသုဉ်းမှုမှကာကွယ်ရန် သစ်တောဦးစီးဌာနနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/2409

## ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု လျော့ကျလာ



မြန်မာနိုင်ငံ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု တဖြည်းဖြည်းလျော့ကျလာသည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ထုတ်ပြန်သော ၂၀၂၀-၂၁ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ အဆိုပြု ချက်တွင် ဖော်ပြထားသည်။

ရှေ့နှစ် အလားအလာများကို ခန့်မှန်းရန်အတွက် ကမ္ဘာ့ဘဏ်နှင့် နော်ဝေးအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (NORAD) တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည် ဟု ဝန်ကြီးဌာနက ဆိုထားသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ထုတ်လုပ်မှုနှင့်ရငွေများ၏ ကြိုတင်ခန့်မှန်းလျာထားရခြင်းမှာ အခွန်ဝင်ငွေများကြိုတင်သိရှိခြင်းဖြင့် နိုင်ငံတော်မူဝါဒများ အထောက်အကူပြုရန်အတွက် ဖြစ်သည်ဟုဆိုသည်။

ပြည်တွင်းရှိ ကမ်းလွန်လုပ်ကွက်လေးခုနှင့် ကုန်းတွင်းလုပ်ကွက်များမှ သဘာဝဓာတ်ငွေ့သည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကုဗပေ ၆၆၀,၀၀၀ ကျော် ထုတ်ခဲ့သော်လည်း ၂၀၂၀-၂၁ တွင် ကုဗပေ ၆၄၀,၀၀၀ ကျော်သာ ထုတ်လုပ်နိုင်မည်ဖြစ်ကာ ၂၀၂၄-၂၅တွင် ကုဗပေ ၄၅၀,၀၀၀ သာ ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။ မုတ္တမပင်လယ်ကွေ့ရှိ ရဲတံခွန်နှင့် ရတနာကမ်းလွန်စီမံကိန်းများမှ သဘာဝဓာတ်ငွေ့တူးဖော်မှုများသည် အများဆုံးက လျော့ကျလာသည်ဟုဆိုသည်။ ရဲတံခွန်စီမံကိန်းသည်လည်း ၂၀၂၃ တွင် ရပ်ဆိုင်းတော့မည် ဖြစ်ကြောင်း အစိုးရက ဆိုထားသည်။ ရဲတံခွန်စီမံကိန်းမှ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချမှုသည် ၂၀၂၂ အထိသာ စာချုပ် ချုပ်ဆိုထားသည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးက ပြောကြားထားသည်။

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းမှရငွေမှာ ကမ္ဘာ့ရေနံဈေးနှုန်းနှင့် ဝယ်လိုအားအပေါ် ဆက်စပ်နေ၍ ပြောင်းလဲနိုင်သည်။ ၂၀၂၀-၂၁ တွင် ရေနံရငွေသည် COVID-19 ကပ်ရောဂါ ရိုက်ခတ်မှုကြောင့် ကမ္ဘာ့စီးပွားရေးကျဆင်းခြင်းနှင့် ရေနံဝယ်လိုအားကျဆင်းခြင်းတို့ကြောင့် ဝင်ငွေလျော့နည်းမည်ဖြစ်ပြီး ၂၀၂၀-၂၁ တွင် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ရောင်းချရာတွင် ယူနစ် တစ်သန်း (1MMBTU) ကို ဒေါ်လာ ၅ ဒသမ ၂ သာ ရမည်ဖြစ် သည်။ ယခုနှစ်တွင် ၈ ဒသမ ၈၈ ဒေါ်လာရရှိထားသည်။ ထိုင်းနိုင်ငံကို ရောင်းချရာ တွင် ၂၀၂၀-၂၁ တွင် ခြောက်ဒေါ်လာဖြင့် ရရှိမည်ဖြစ်သည်။ ယခုဘဏ္ဍာနှစ်တွင် ၇ ဒသမ ၃၉ ဒေါ်လာ ရရှိထားသည်။

ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများနှင့် ပိုက်လိုင်းစီမံကိန်းများက ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ကျပ်ဘီလီယံ ၂,၃၀၀ ကျော် ဝင်မည်ဖြစ်သည်။ သို့သော် ၂၀၂၄-၂၅ တွင် ကျပ်ဘီလီယံ ၂,၁၀၀ ကျော်သာဝင်မည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

**Source:** https://7day.news/detail?id=200572

## ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ ဒေါ်လာ ၃၄၇ သန်းကျော်နှင့် ကျပ်သန်း ၂၃၄၀၀ ကျော်ရှိသည့် လုပ်ငန်းအသစ်ခုနစ်ခု MIC ထပ်မံခွင့်ပြု

ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍတို့မှ ဒေါ်လာ ၃၄၇ သန်းကျော်နှင့် ကျပ်သန်း ၂၃၄၀၀ ကျော်ရှိသည့် လုပ်ငန်းအသစ်ခုနစ်ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ထပ်မံခွင့်ပြုခဲ့သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက်က Video Conferencing စနစ်ဖြင့် ကျင်းပရာတွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန (MIFER) မှသိရသည်။ အဆိုပါအစည်းအဝေး၌ ဆောင်ရွက်ဆဲလုပ်ငန်းလေးခုမှ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းအသစ်ခုနစ်ခုကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၃၄၇ ဒသမ ၈၅ သန်းနှင့် ကျပ် ၂၄၃၁၁ ဒသမ ၂၅၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၉၁၅ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။အစိုးရသစ် လက်ထက် လေးနှစ်ကျော်တွင် မြန်မာနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အိမ်ခြံမြေ ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုတွင်းထွက်လုပ်ငန်းကဏ္ဍနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းစသည့် စီးပွားရေး လုပ်ငန်းများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ထားခြင်းဖြစ်သည်။ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လုပ်ငန်း ၂၉ ခု ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာခြောက်ဘီလျံကျော်ရှိရာ စုစုပေါင်းပမာဏ၏ ၂၆ ရာခိုင်နှုန်း ကျော်ဖြင့် အများဆုံးဝင်ရောက်ထားခြင်းဖြစ်သည်။

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လုပ်ငန်း ၆၉၅ ခု ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာခြောက်ဘီလျံနီးပါးရှိရာ စုစုပေါင်းပမာဏ၏ ၂၅ ရာခိုင်နှုန်းကျော်ဖြင့် ဒုတိယအများဆုံးဝင်ရောက်ထားကြောင်းသိရသည်။ စွမ်းအင်ကဏ္ဍတွင် လုပ်ငန်းပေါင်း ၁၉ ခု ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသုံးဘီလျံကျော်ရှိသည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကဏ္ဍတွင်လုပ်ငန်းပေါင်း ၂၄ ခု ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၇၀၀ ကျော်ရှိသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းပေါင်း ၃၆ ခု ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၄၅၀ ကျော်ရှိသည်။

**Source:** https://news-eleven.com/article/194442

## တစ်ပိုင်တစ်နိုင် မျှစ်ချဉ်လုပ်ငန်းလုပ်ကိုင်သူများ ဈေးကောင်းမရဖြစ်နေ



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဒီးဒုတ်ကုန်းကျေးရွာ၌ မျှစ်ချဉ်လုပ်ငန်းကို တစ်ပိုင်တစ်နိုင် အိမ်တွင်းမိသားစုဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယခုကာလတွင် ဈေးကောင်း မရဖြစ်နေကြောင်းသိရသည်။ "နှစ်တိုင်း မျှစ်ချဉ်တစ်ပိဿာ ကို ငွေကျပ် ၄၅၀၊ ၅၀၀ လောက်ရောင်းရပါတယ်။ အခုအချိန်မှာ ရွာထဲက မျှစ်ချဉ်ဒိုင်တွေဆီကို ငွေကျပ် ၃၅၀ ဈေးနဲ့ရောင်းရတယ်။ အချို့အဆင်ပြေတဲ့သူတွေကတော့ မရောင်းဘဲ နှစ်ပေါက်အောင် ထားတယ်။ အဆင်မပြေတဲ့သူတွေကျတော့ ရတဲ့ဈေးနဲ့ပဲ ရောင်းနေကြရတယ်" ဟု ဒီးဒုတ်ကုန်းကျေးရွာမှ ဒေါ်ငွေကပြောသည်။

မျှစ်ချဉ်ပြုလုပ်ရာတွင် မျှစ်များကို ရေစင်အောင်ဆေးကာ အချောင်းလေးတွေဖြစ်အောင် ဓားဖြင့်ပေါက်ရပြီး ပေါက်ထားသော မျှစ်များကို စဥ့်အိုး၊ ခြင်းကြားများထဲတွင် အရည်မကျအောင် ပလတ်စတစ်ဖြင့် လေလုံအောင်ထားပြီး အပေါ်မှကျောက်ခဲများနှင့် ဖိထားရသည်။ သုံးရက်ကြာလျှင် သဘာဝမျှစ်ချဉ်ဖြစ်သွားပြီး လေလုံအောင်ထားလျှင် တစ်နှစ်ပတ်လုံးထားလို့ရကြောင်း သိရသည်။ ဒီးဒုတ်ကုန်းကျေးရွာရှိ ဒေသခံများသည် လယ်ယာလုပ်ငန်းအပြင် ဝါးနီးဖြင့်ပြုလုပ်သော ခြင်းကြား ရက်ခြင်းလုပ်ငန်း၊ မျှစ်ချဉ်လုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2419

## ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ကားပါမစ်အခွန်သတ်မှတ်ချက် ရက်ပိုင်းအတွင်း ထုတ်ပြန်မည်

ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ကားပါမစ်အခွန်သတ်မှတ်ချက်ကို မကြာမီရက်ပိုင်းအတွင်း ထုတ်ပြန်ပေးမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ‘‘အခွန်နဲ့ ဝယ်ယူမှုအစီအစဉ်တွေဖြစ်တဲ့ အသေးစိတ်အချက်အလက်ကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရက်ပိုင်းအတွင်း ထုတ်ပြန်ပေးသွားပါ့မယ်။ အခုက စာရင်းကောက်နေတုန်းပဲ။ နောက်ဒီအစီအစဉ်မှာလည်း လုပ်သက်နဲ့နှစ်တွေ ကန့်သတ်ချက်ပါလာတယ်။ အဓိကကတော့ ပင်စင်ယူခါနီး နိုင်ငံ့ဝန်ထမ်းကောင်းတွေကို မဖြစ်မနေ စတင်ချီးမြှောက်တာပါ’’ဟု ဦးခင်မောင်လွင်က ပြောသည်။

ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများကို ကားပါမစ်ထုတ်ပေးမှု တွင် ကနဦးစီစဉ်ခဲ့သည့် ၂၀၁၉ ကထက်ရရှိနိုင်သူ အရေအတွက် တစ်သောင်းမှနှစ်သောင်းကြား လျှော့နည်းသည်မှာ ပြည်တွင်းမော်တော်ယာဉ်ဈေးကွက်ကို မထိခိုက်စေရန်ရည်ရွယ်သည်ဟု ၎င်းကဆိုသည်။ သက်ဆိုင်ရာဌာနများအလိုက် ကြေညာချက်ထွက်ရှိလာပါက ဆိပ်ကမ်းအရောက်ကားတန်ဖိုး၊ ခွင့်ပြုမည့် မော်တော်ယာဉ်အမျိုးအစား၊ အင်ဂျင်ပါဝါသတ်မှတ်ချက်နှင့် ပြည်တွင်းထုတ် SKD (တစ်စိတ်တစ်ပိုင်း တပ်ဆင်ထုတ်လုပ်သည့် စနစ်) နှင့် ဆက်စပ်သည့် အခွန်များပါရှိမည်ဖြစ်သည်။

ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိပြီး အောက်တိုဘာ ၁ ရက်တွင် အသက် (၅၇) နှစ်နှင့် အထက်ရှိသည့် ပင်စင်ယူရန် သုံးနှစ်အလို တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ (သက်ပြည့်ပင်စင်မယူမီ ကြိုတင်ပြင်တင်ပြင်ဆင်၍ ခွင့်ခံစားနေသော ဝန်ထမ်းများအပါ) အမြဲတမ်းအတွင်းဝန်ရာထူးမှ ဒုတိယညွှန်ကြားရေးမှူးအထိ ဝန်ထမ်းများအား ပြည်ပမှမော်တော်ယာဉ် တင်သွင်းခွင့် (သို့မဟုတ်) ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုမည်ဟု အစိုးရက စက်တင်ဘာ ၂၉ ရက်တွင် ကြေညာခဲ့သည်။ ရာထူးအဆင့်လိုက် ခွင့်ပြုသည့်ငွေပမာဏအရ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်သည် ဆိပ်ကမ်း အရောက် ကားတန်ဖိုး ကျပ်သိန်း ၅၀၀ နှင့်ညီသည့် မော်တော်ယာဉ်ကို ဝယ်ယူခွင့်ပြုပြီး ဆိပ်ကမ်းအရောက် ကားတန်ဖိုး ကျပ်သိန်း ၃၀၀ နှင့်ညီသည့် မော်တော်ယာဉ်ကို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးနှင့်ဒုတိယညွှန်ကြားရေးမှူး များက တင်သွင်းနိုင်မည်ဖြစ်သည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အောက်အဆင့်ဝန်ထမ်းများသည် ပြည်တွင်းထုတ် SKD များဖြစ်သည့် ကျပ်သိန်း ၃၀၀ နှင့်ညီသည့် စက်ရုံထုတ်ရောင်းဈေး မော်တော်ယာဉ်ဝယ်ယူခွင့်ရှိမည်ဖြစ်သည်။

ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိထားပြီး ပင်စင်ယူရန်သုံးနှစ်အလို နိုင်ငံ့ဝန်ထမ်းအရေအတွက်မှာ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းအင်အား ၁၁ သိန်းကျော်၏ ၁ ရာခိုင်နှုန်းသာရှိသည်ဟု စီးပွား/ကူးသန်းကဆိုသည်။ ထို့ကြောင့် ယခု ဝန်ထမ်း ပါမစ်တွင် အကျုံးဝင်သည့် ပြည်သူ့ဝန်ထမ်းနှင့်နိုင်ငံ့ဝန်ထမ်းအရေအတွက်သည် ၁၁,၀၀၀ ကျော်သာရှိသည်။ တပ်မတော်သား များနှင့် ရဲတပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံ့ဝန်ထမ်းများနည်းတူ ယင်းတို့၏ အင်အား ၁ ရာခိုင်နှုန်းကျော်ကို မော်တော်ယာဉ်တင်သွင်း ဝယ်ယူခွင့်ပြုလိုက်ခြင်းဖြစ်သည်။

၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင်စတင်မည့် ဝန်ထမ်းပါမစ်မှ အကျိုးခံစားခွင့်ရှိသည့် ဝန်ထမ်းအရေအတွက် စုစုပေါင်း ၁၇,၀၀၀ ထက်မနည်းရှိမည်ဖြစ်သည်။ သို့သော် တင်သွင်းခွင့်မူဝါဒအပြည့်အစုံ မသိရှိရသေးသဖြင့် ပြည်တွင်း မော်တော်ယာဉ်ဈေးကွက် အပေါ်သက်ရောက်နိုင်မှုကို သုံးသပ်ရန်စောလွန်းသေးကြောင်း မော်တော်ယာဉ်ဈေးကွက်လေ့လာသူများကပြောသည်။ ဝန်ထမ်းကားပါမစ်အတွက် အစိုးရက ၂၀၁၉ နိုဝင်ဘာကတည်းကစီစဉ်မှုတွင် မော်တော်ယာဉ်တစ်စီးကို ပုံမှန်တင်သွင်းပါက အကောက်ခွန်ဂျူတီ၊ ကုန်သွယ်ခွန်အခနှင့် အင်ဂျင်ပါဝါပေါ်မူတည်၍ ကားတန်ဖိုး၏ ၁၀၀ နှင့် ၁၅၀ ရာခိုင်နှုန်းကြား ကောက်ခံသည်။ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ပေးမည့်ပါမစ်သည် ယင်းအခွန်အခများပါရှိမည်မဟုတ်ပေ။

ယင်းအပြင် ရန်ကုန်၌ သန်းခေါင်စာရင်းရှိသည့် ဝန်ထမ်းဖြစ်ပါက စလစ်ကပ်စရာမလိုဘဲ ရန်ကုန်လိုင်စင်ရမည်ဖြစ်သည်။ သို့သော် အင်ဂျင်ပါဝါ ၁,၅၀၀ စီစီကျော်ပါက အထူးကုန်စည်ခွန်နှင့် ကုန်သွယ်ခွန်ပေးသွင်းရမည်ဖြစ်ပြီး ပထမတစ်နှစ်အတွင်း ပိုင်ရှင်အမည်ပြောင်းလဲ၍ရမည်မဟုတ်ကြောင်း အသိပေးထားသည်။

**Source:** https://7day.news/detail?id=200578

## ဗဟိုစံပြငါးဈေးကြီးအတွင်း ဆိုင်ခန်းပေါင်း ၈၀ ရာခိုင်နှုန်းအထိ ပိတ်သိမ်းမှုရှိလာ



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးအတွင်း ဆိုင်ခန်း ၈၀ ရာခိုင်နှုန်းအထိ ပိတ်သိမ်းမှုရှိလာကြောင်း ယင်းဈေးအတွင်းရှိ ငါး၊ ပုစွန်ရောင်းဝယ်ရေးဒိုင်များမှသိရသည်။

ဗဟိုစံပြငါးဈေးကြီးအတွင်း ပင်လယ်ရေထွက်ကုန်များဝင်ရောက်မှုနည်းပါးခြင်းနှင့် Covid-19 ရောဂါဖြစ်ပွားမှု မြင့်တက်လာခြင်းတို့ကြောင့် ဆိုင်ရှင်များ၏သဘောဖြင့် ဆိုင်ခန်းများပိတ်သိမ်းလာကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အများပြည်သူအတွက် စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရန် အခြေခံစားသောက်ကုန် ရောင်းချနေမှုများကို ခွင့်ပြုပေးထားသော်လည်း လက်ရှိတွင် တစ်နေရာနှင့်တစ်နေရာ ကူးသန်းသွားလာရေး ခက်ခဲပြီး ဗဟိုစံပြငါးဈေးကြီးသို့ ငါး၊ ပုစွန်တင်ယာဉ်များ၊ သင်္ဘောများဝင်ထွက်မှု တဖြည်းဖြည်းနည်းလာသည့်အပြင် ဈေးဝယ်သူနည်းပါးလာကြောင်း၊ ထို့ကြောင့် ဆိုင်ခန်းများပိတ်သိမ်းလာသောကြောင့် ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်းသိရသည်။ “ကျွန်တော်တို့ဆိုင်က ရောင်းချနေတဲ့ ငါး၊ ပုစွန်တွေ ပြတ်လပ်သွားရင် တခြားဆိုင်တွေလိုပဲ ပိတ်ရမှာပါ။ လက်ရှိမှာ ကျန်နေသေးတဲ့အတွက် မပိတ်သေးပါဘူး။ အဓိက က ရေထွက်ကုန်ထွက်ရှိတဲ့ဒေသတွေက ငါး၊ ပုစွန်တွေကို အားထားပြီး ဒီမှာရောင်းချနေရတာပါ။ အဲဒီဘက်မှာလည်း သွားလာရေးအတွက် အခက်အခဲရှိလာတယ်လို့ပြောတယ်။ အခုက အသွားအလာနည်းသွားပြီး တခြားမြို့နယ်တွေက လာရောက်ဝယ်ယူတာမျိုးလည်း မရှိတော့ဘူးဆိုတော့ ရောင်းအားကျတယ်။ ဒါကြောင့် ဆိုင်တွေပိတ်သိမ်းလာကြတယ်” ဟု မျိုးမြင့် ငါး၊ ပုစွန်ရောင်းဝယ်ရေးဒိုင်မှ ဦးမျိုးမြင့်ငြိမ်းကပြောသည်။

ရန်ကုန်မြို့ရှိ တခြားသောအဓိက ဈေးကြီးများဖြစ်သည့် သိရိမင်္ဂလာဈေး၊ ညောင်ပင်လေးဈေး၊ တညင်းကုန်းဈေး စသည့်ဈေးကြီးများ၌လည်း ဆိုင်ခန်းအများစု ပိတ်သိမ်းမှုရှိလာသည့်အတွက် နောက်ပိုင်းတွင် ကုန်ဈေးနှုန်းများ မြင့်တက်လာနိုင်ဖွယ်ရှိပြီး ရန်ကုန်မြို့နေ ပြည်သူများအတွက်လည်း အခြေခံစားသောက်ကုန် များဝယ်ယူနိုင်ရေး ခက်ခဲလာနိုင်ကြောင်း၊ အဆိုပါ ဈေးကြီးများမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကုန်စည်များအဓိကဖြန့်ဖြူးရောင်းချပေးနေပြီး ယင်းဈေးများအတွင်းရှိ ဆိုင်ခန်းများ ပိတ်သိမ်းမှုရှိလာသည့်အတွက် အခြေခံစားသောက်ကုန်ဝယ်ယူရေး ခက်ခဲလာနိုင်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2412

## ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၅ ဒသမ ၅ ဘီလီယံကျော် ဝင်ရောက်ခဲ့ဟုဆို



ကမ္ဘာ့ကပ်ရောဂါဖြစ်နေသော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံကျော် ဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းများတွင် ဖော်ပြထားသည်။

အဆိုပါပမာဏသည် ၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ စက်တင်ဘာလကုန်အထိဖြစ်ပြီး နိုင်ငံခြားလုပ်ငန်းသစ် ၃၅၀ ခန့်က ရင်းနှီးမြှုပ်နှံသည့်တန်ဖိုးဖြစ်သည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဝင်ရောက်ရန်ခန့်မှန်းထားသည့် ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံထက် လျော့နည်းခဲ့သည်။ ကော်မရှင်က စက်တင်ဘာ ၂၉ ရက်တွင် ဒေါ်လာသန်း ၃၅၀ ခန့်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းခုနစ်ခုကို ခွင့်ပြုပေးခဲ့သည်။ “ကိန်းဂဏန်းတွေကြည့်လိုက်တယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုဟာ အခုကိုးလပိုင်းပဲရှိသေး ပေမယ့် အရင်နှစ်ကထက် ပိုနေပါပြီ၊ ကိုဗစ်ရောဂါနဲ့ရုန်းကန်နေရတဲ့ အခြေအနေမှာတောင်မှ စီးပွားရေးသိပ်ပြီးတော့

မကျဆင်းအောင်လို့ ကျွန်မတို့ အတတ်နိုင်ဆုံးထိန်းထားပါတယ်''ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ၂၅ ရက်တွင် ပြောကြားသည့် မိန့်ခွန်းတွင်ထည့်သွင်းပြောကြားခဲ့သည်။

ယခုဘဏ္ဍာနှစ်အတွင်း အများဆုံးဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ လျှပ်စစ်စွမ်းအင်ကဏ္ဍဖြစ်ပြီး ဒုတိယအများဆုံးမှာ ကုန်ထုတ်လုပ်မှုကဏ္ဍဖြစ်သည်။ အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပြီး ဒုတိယမှာ တရုတ်နိုင်ငံဖြစ်သည်။ လက်ရှိ အစိုးရသက်တမ်း လေးနှစ်ခွဲအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ၂၄ ဒသမ ၇ ဘီလီယံဖိုး ဝင်ရောက်ထားသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းများတွင် ဖော်ပြထားသည်။

**Source:** https://7day.news/detail?id=200579

## ဗဟိုဘဏ်က တစ်လအတွင်း ဒေါ်လာ ၄၂ သန်းခွဲခန့် ဝယ်ယူသော်လည်း ဒေါ်လာတန်ဖိုးကျ

ဗဟိုဘဏ်က ပြည်တွင်းငွေကြေးဈေးကွက်မှ တစ်လအတွင်း ကန်ဒေါ်လာ ၄၂ သန်းခွဲခန့်ဝယ်ယူခဲ့သော်လည်း စက်တင်ဘာ လကုန်ချိန်တွင် တစ်ဒေါ်လာ၁,၃၀၈ ကျပ်သို့ ကျဆင်းလာသည်။ စက်တင်ဘာတွင် ဒေါ်လာတန်ဖိုးအမြင့်ဆုံး တစ်ဒေါ်လာ ၁,၃၅၀ ကျပ်အထိ တက်ခဲ့ပြီးနောက် ပြန်လည် ကျဆင်းလာခြင်းဖြစ်သည်။ ရန်ကုန်တွင် COVID-19 ကပ်ရောဂါထိန်းချုပ်ရန် အိမ်တွင် နေထိုင်ခြင်း (Stay at Home)သတ်မှတ်ချက်ကို စက်တင်ဘာ ၂၁ ရက်တွင် စတင်ခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် စက်ရုံ၊ အလုပ်ရုံ အများစုပိတ်ထားရသဖြင့် စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းနေသည်။

ပြည်ပမှကုန်စည်တင်သွင်းရန် ကန်ဒေါ်လာဝယ်လိုအား လျော့နည်းသွားသဖြင့် ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာ တန်ဖိုးကျဆင်းခြင်းဟု စီးပွားရေး လုပ်ငန်းရှင်အချို့ကပြောသည်။ ငွေလဲကောင်တာအများစုနှင့် ပြင်ပငွေလဲလုပ်ငန်းများ ရပ်နားထားပြီး ဘဏ်ငွေလဲကောင်တာအနည်းငယ်သာဖွင့်လှစ်ချိန်တွင် ဒေါ်လာတန်ဖိုးကျနေကာ ဗဟိုဘဏ်၏ရည်ညွှန်း ငွေလဲနှုန်းကလည်း ဆက်တိုက်ကျဆင်းလာသည်။ လက်ရှိ COVID-19 ကပ်ရောဂါထိန်းချုပ်ရေးအတွက် လုပ်ငန်းများ ရပ်ထားရပြီး စီးပွားရေး တုံ့ဆိုင်းနေချိန်တွင် ဒေါ်လာတန်ဖိုးအပြောင်းအလဲက အကျိုးသက်ရောက်မှုမရှိကြောင်း ပုဂ္ဂလိကဘဏ်တစ်ခု၏ အကြီးတန်းအရာရှိတစ်ဦးကပြောသည်။

**Source:** https://7day.news/detail?id=200580

## မြန်မာ့ရော်ဘာ အရည်အသွေးမြှင့်တင်ရေးနှင့် ပြည်ပတင်ပို့မှုတိုးတက်ရေး နှီးနှောဖလှယ်ပွဲကျင်းပ



မြန်မာ့ရော်ဘာ အရည်အသွေးမြှင့်တင်ရေးနှင့် ပြည်ပတင်ပို့မှု တိုးတက်ရေးနှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်မည့် အစည်း အဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာ့သဘာဝ ရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ရုံပိုင်ရှင်များဖြင့် Supply Chain တစ်လျှောက်ပါဝင်ပတ်သက်သူများ အားလုံး ကဏ္ဍအလိုက်ပူးပေါင်းအဖြေရှာပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမြင့်မားလာစေရေးတို့အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) လုပ်ငန်းစီမံချက်ကို ဦးစားပေးကဏ္ဍ ကုန်စည် ၁၁ ခု၊ ဝန်ဆောင်မှုနှစ်ခုနှင့် အထောက်အကူပြုကဏ္ဍ ငါးခု စုစုပေါင်း ၁၈ ခု သတ်မှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရော်ဘာကဏ္ဍသည်လည်း ဦးစားပေးကဏ္ဍ တစ်ရပ်အနေဖြင့်ပါဝင်ပါကြောင်း၊ မြန်မာ့ရော်ဘာ စံအရည်အသွေးသတ်မှတ်ချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ် တင်ပို့နိုင်မှသာ ပြည်ပဈေးကွက်သို့ ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ့ရော်ဘာထုတ်လုပ်တင်ပို့ရာတွင် ကြုံတွေ့

နေရသည့်အခက်အခဲ၊ အတားအဆီးများကို Supply Chain တစ်လျှောက် ပါဝင်ပတ်သက်သူများအားလုံး တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ပို့ကုန်ကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်းပြောကြားသည်။ ယင်းနောက် ဒုတိယ ဝန်ကြီးဦးအောင်ထူးက ဘဏ္ဍာနှစ်အလိုက် ရော်ဘာတင်ပို့နိုင်မှု၊ နိုင်ငံအလိုက်ဈေးကွက်ရရှိမှုနှင့် ရော်ဘာကဏ္ဍတိုးတက်ရေး အတွက် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနများအလိုက် ပညာရှင်များက စာတမ်းဖတ်ကြားခြင်း၊ ရော်ဘာစိုက်ပျိုးတောင်သူများ၊ စက်ရုံပိုင်ရှင်များ၊ ကုန်သည်လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနအဖွဲ့အစည်း များအလိုက် ရေတိုရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း ဘယ်လ်ဂျီယံနိုင်ငံသားများ အွန်လိုင်းမှ ဝယ်ယူမှုပိုမိုပြုလုပ်

BeCommerce ဈေးကွက်စောင့်ကြည့်လေ့လာရေး၏ ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရ ဘယ်လ်ဂျီယံနိုင်ငံသားများ အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်အတွင်း အွန်လိုင်းမှဝယ်ယူသုံးစွဲမှု (၃၃) ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်းသိရသည်။ ဘယ်လ်ဂျီယံနိုင်ငံရှိ စားသုံးသူများမှ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူသုံးစွဲမှုသည် စုစုပေါင်း တန်ဖိုးအားဖြင့် ယူရို ၈ ဒသမ ၁ သန်းရှိခဲ့သည်ဟု ဆိုသည်။ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူသည့် ပါဆယ်(၄) ခုလျှင် တစ်ခု ကျော်သည် အဝတ်အထည်များဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်ကာလအတွင်း အဝတ်အထည် ဝယ်ယူမှု သုံးကြိမ်လျှင်တစ်ကြိမ်မှာ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကာလမတိုင်မီက အွန်လိုင်းမှဝယ်ယူသည့် အချိုးအစားမှာ ၂၀ ရာခိုင်နှုန်းအောက်လျော့နည်းခဲ့ကြောင်းသိရသည်။

သို့ရာတွင် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်း၏ ဝန်ဆောင်မှုကဏ္ဍအပေါ် သက်ရောက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးအပေါ် သိသာသော ရိုက်ခတ်မှုရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်ကာလတွင် e-commerce လုပ်ငန်းမှ turnover မှာ ယူရို ၅ ဒသမ ၁ ဘီလီယံရှိခဲ့သဖြင့် ၁၀ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး၊ နှစ်အလိုက်နှိုင်းယှဉ် ချက်တွင်မူ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းသိရသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## ဂျပန်ဝန်ကြီးချုပ်အသစ် Mr. Suga က တောင်ကိုရီးယားသမ္မတ Moon နှင့် အနာဂတ်ကောင်းကျိုး ရှေ့ရှုကာ အတူတကွပူးပေါင်းဆောင်ရွက်သွားလိုကြောင်း စာရေးသားပေးပို့ခဲ့

ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အသစ်ဖြစ်သူ Mr. Yoshihide Suga က တောင်ကိုရီးယားနိုင်ငံနှင့် နှစ်နိုင်ငံအကြား သဘောထားတင်းမာခဲ့သည့် ရာဇဝင်နှင့် ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများရှိနေချိန်တွင် တောင်ကိုရီးယားသမ္မတ Mr. Moon Jae-in ထံ အနာဂတ်ကောင်းကျိုး ရှေ့ရှုသည့်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်လိုကြောင်း ရေးသားဖော်ပြထားသည် သိရပါသည်။

၁၉၁၀ ခုနှစ်မှ ၁၉၄၅ ခုနှစ်များအတွင်း ဒုတိယကမ္ဘာစစ်ကာလက အခွန်မခိုင်းစေမှုများကို ကြောင့် နှစ်နိုင်ငံအကြား သဘောထားတင်းမာမှုများဖြစ်ပွားခဲ့သည့် ရာဇဝင်မှ အစပြုကာ ၂၀၁၈ ခုနှစ်တွင် တောင်ကိုရီးယားတရားရုံးချုပ်က ဂျပန်နိုင်ငံမှ သံမဏိထုတ်လုပ်သည့်ကုမ္ပဏီကို အတင်းအခွန်မစေခိုင်းမှုအတွက် လျော်ကြေးပေးရန် အမိန့်ချမှတ်ခဲ့ပြီး ဂျပန်ကလည်း တုန့်ပြန် သည့်အနေဖြင့် အဆင့်မြင့်နည်းပညာသုံးပစ္စည်းများ တောင်ကိုရီးယားသို့တင်ပို့မှုတွင် ကန့်သတ်ပိတ်ပင်မှုများ ဆောင်ရွက်ခဲ့ ပါသည်။

စက်တင်ဘာလ ၁၉ ရက်နေ့က Mr. Suga က သမ္မတ Moon ထံသို့ ပေးပို့ခဲ့သည့်စာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုလိုအပ်ချက်များကို ထောက်ပြသွားခဲ့ကြောင်း၊ အထူး သဖြင့် နှစ်နိုင်ငံစလုံးအနေဖြင့် အငြင်းပွားနေကြသည့်

အခက်အခဲပြဿနာကို ကျော်လွှားရန်နှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများ ဖော်ဆောင်ကြရန် မျှော်လင့်ပါသည်ဟု ထည့်သွင်းရေးသားထားကြောင်းကို သမ္မတ Moon ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Kang Min-seok က ပြောကြားခဲ့ပါသည်။

သမ္မတ Moon ကလည်း Mr. Suga ထံ ဝန်ကြီးချုပ်ရာထူး ဆက်ခံသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း စာရေးသား ပေးပို့ခဲ့ကြောင်း ၊ ၎င်းအနေဖြင့်လည်း နှစ်နိုင်ငံအကြား သံတမန် အရေး၊ စီးပွားရေး၊ နှစ်နိုင်ငံပြည်သူများအကြား ဆက်နွှယ်မှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် ဆန္ဒရှိပါကြောင်း ထည့်သွင်းရေးသားထားကြောင်းသိရပါသည်။

**Source: The Nikkei Asian Review**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## နှစ်နိုင်ငံဆက်ဆံရေး အဆင်မပြေမှုကြောင့် ပြည်ပမှ နို့ထွက်ပစ္စည်းများ ရောင်းချမှုများ လျော့ကျလာခြင်း

တရုတ်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံမှု အဆင်မပြေမှုကြောင့် COVID-19 ကာလအတွင်း ပြည်ပနိုင်ငံများမှ နွားနို့ထုတ်လုပ်သူများ၏ ရောင်းချရမှုမှာ တရုတ်နိုင်ငံ၌ကျဆင်းခဲ့ကြောင်း၊၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း တရုတ်နိုင်ငံ၌နိုင်ငံခြား ကုန်အမှတ်တံဆိပ်နွားနို့များ ရောင်းချမှုလျော့ကျလျှက်ရှိကြောင်း၊ အွန်လိုင်းမှ ရောင်းချမှု ရှယ်ယာ များမှာ ၂၀၁၆ ခုနှစ်တွင် (၅၂) ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ်တွင် (၃၅) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ COVID-19 ကာလအတွင်း တရုတ်နိုင်ငံတွင် နွားနို့သောက်သုံးမှုမြင့်တက်ခဲ့သော်လည်း နိုင်ငံခြားကုန်အမှတ်တံဆိပ်နွားနို့များ ရောင်းချမှု လျော့ကျလျှက်ရှိကြောင်း၊ ဩစတြေးလျနိုင်ငံမှ နွားနို့များတင်သွင်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း (၂၀) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ဩစတြေးလျနိုင်ငံမှအမဲသားနှင့် ဝိုင်များတင်သွင်းလာသည့် သဘော်အားစစ်ဆေးမှုများပြုလုပ်ရန် တရုတ်နိုင်ငံဆိပ်ကမ်းတွင် စောင့်ဆိုင်းထားခိုင်းမှုများရှိခဲ့ကြောင်း၊ တရုတ်ကုမ္ပဏီဖြစ်သည့် Mengniu Dairy အား ဩစတြေးလျ နိုင်ငံအစိုးရမှ နို့ထွက်ပစ္စည်းကုန်အမှတ်တံဆိပ် တစ်ချို့ဝယ်ယူမှုအား တားဆီးပိတ်ပင်ခဲ့ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး အဆင်မပြေမှုကြောင့် နွားနို့၊ ဝိုင်နှင့် အမဲသားအစရှိသည့် အစားအစာကဏ္ဍရောင်းချမှုအပေါ် ထိခိုက်လျှက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ နွားနို့တင်သွင်းမှုမှာ (၁၅) ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၀.၆၅) ဘီလီယံ မြင့်တက်ခဲ့ပြီး၊ နို့မှုန့်တင်သွင်းမှု (၇၀) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာလအတွင်း ပြည်သူများ ကျန်းမာကြံ့ခိုင်စေရန် အသိပညာပေးပြောကြားမှုများအရတရုတ်နိုင်ငံ၌ နွားနို့သောက်သုံးမှုနှုန်းမြင့်တက်ခဲ့ကြောင်း၊ တရုတ် နိုင်ငံမှစားသုံးသူများသည် COVID-19 ကူးစက်မှုထိန်းချုပ်နေစဉ်ကာလအတွင်း အစားအစာများကို နေအိမ်တွင် ကိုယ်တိုင် ပြုလုပ်နိုင်ရန်ကြိုးစားလာကြောင်း၊ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် နွားနို့များတွင် မယ်လမင်းပါဝင်မှုကြောင့် ဒေသခံထုတ်လုပ်မှု လုပ်ငန်းများအပေါ် ယုံကြည်မှုလျော့နည်းလာပြီး နိုင်ငံခြားကုန်အမှတ်တံဆိပ် နွားနို့များတင်သွင်းရောင်းချမှုမှာ ကာလကြာရှည် အဆင်ပြေနေခဲ့ပြီး ဈေးဝယ်ရန်အတွက် ဟောင်ကောင်ဒေသသို့ အဓိကဦးစားပေးခရီးထွက်ရန် ၎င်းတို့အား တွန်းအားပေး သကဲ့သို့ဖြစ်စေကြောင်း၊ သို့သော် နိုင်ငံခြားကုန်အမှတ်တံဆိပ် နို့ထွက်ပစ္စည်းများ၏ ထုပ်ပိုးမှုပုံစံမှာ အခြေခံ လိုအပ်ချက်များ ဖြစ်သည့် သေးငယ်ပြီးအလွယ်တကူသယ်ယူနိုင်သည့် အနေအထားတွင်မရှိသောကြောင့် အကျိုးအမြတ်ရရှိနိုင်မှုမှာ နည်းပါး လာကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံး နို့ထွက် ကုန်ပစ္စည်းများ ဈေးကွက်ဖြစ်လာရန် မျှော်မှန်းထားသည့် တရုတ်နိုင်ငံ၌ စားသောက်ကုန်များ ရောင်းချရမှုများ ပိုမိုခိုင်မာလာအောင် ဆောင်ရွက်ရာတွင် နိုင်ငံရေးတင်းမာမှုများ အရှိန်မြင့်တက်လာမှု ကြောင့် နို့ထွက်ကုန်ပစ္စည်းများအတွက် နိုင်ငံခြားသား ထုတ်လုပ်သူများအနေဖြင့် ကုန်ကျစရိတ်များပိုမိုကုန်ကျလာမည် ဖြစ်ကြောင်း၊နယူးဇီလန်နိုင်ငံအနေဖြင့် ၎င်း၏အဓိကကုန်သွယ်ဖက်နိုင်ငံဖြင့် ကောင်းမွန်သည့် ဆက်ဆံရေးအခြေအနေများ ထိန်းသိမ်းထားနိုင်ရန်အလားအလာရှိကြောင်း ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Pearl Liu က “Foreign Milk Sales Fall As Ties Turn Sour” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## STOCK EXCHANGE (1.10..2020)

**“အောက်တိုဘာ (၁) ရက်နေ့သည် ဘဏ်ပိတ်ရက်ဖြစ်ပါ၍ Stock Exchange နှင့် Central Bank စာရင်းများမရရှိပါကြောင်း တင်ပြပါသည်”**

TIR